# ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# ( ဆဌမနေ့) တွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ပြောကြားသည့်
# မိန့်ခွန်း

လေးစားရပါသော

မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နှင့် မွန်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ မွန်ပြည်နယ်တွင် မှီတင်းနေထိုင်ကြသော ပြည်နယ်သူ၊ ပြည်နယ်သားများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကို ပြည်သူလူထုက ရွေးချယ် ထောက်ခံ တင်မြှောက် ပေးခဲ့ ကြလို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့ရပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ က ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန် ပေးခဲ့တာကို ပြည်နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးက ကန့်ကွက်သူမရှိတဲ့အတွက် ကျွန်တော်အနေနဲ့ ဝန်ကြီးချုပ် ဖြစ်ခဲ့တာကို အထူးပင် ကျေးဇူးတင် ဂုဏ်ယူမိပါကြောင်း တင်ပြအပ်ပါတယ်။ အခုလို ဝန်ကြီးချုပ်အဖြစ် ပထမဆုံးအကြိမ် စကားပြောခွင့်ရတဲ့အတွက်လည်း အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်းလည်း ထပ်လောင်း တင်ပြအပ် ပါတယ်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲရလာဒ်ကြောင့် ဖြစ်ထွန်းလာတဲ့ ဒုတိယအကြိမ်လွှတ်တော်နဲ့ အစိုးရအဖွဲ့များဟာ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒများနဲ့ ကိုက်ညီစွာ ဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။ ယခုအစိုးရသစ်အနေဖြင့် အဲဒီ မူဝါဒများဖြစ်တဲ့ အမျိုးသား ရင်ကြားစေ့ရေး ၊ ပြည်တွင်းငြိမ်းချမ်းရေး ၊ ပြည်သူလူထု အများစုရဲ့

လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေး တို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားရပါသော

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ၊ တက်ရောက်လာကြသော ဂုဏ်သရေရှိ ဧည့်သည်တော်များနဲ့ ပြည်နယ်သူ ပြည်နယ်သားများခင်ဗျား

ဒီနေ့ ဒီအချိန်မှာ လေးနက်စွာ တင်ပြလိုတဲ့ အချက်တစ်ခုရှိပါတယ်။ ဒီအချက်ကတော့ မကြာမီကဘဲ ကျနော်ဟာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ကတိသစ္စာပြုခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီကတိသစ္စာကို ထိန်းသိမ်းစောင့်ရှောက် ရမယ့် တာဝန်ရှိကြောင်းကိုလည်း အစဉ် သတိချပ်နေမှာ ဖြစ်ပါတယ်။ နှစ်ရှည်လများ ပြည်သူလူထု လိုလားတောင့်တနေတဲ့ ဒီနိုင်ငံရေး ရည်မှန်းချက် အကောင်အထည် ဖော်လာရေးအတွက် စိတ်ရှည်သည်းခံပြီး ဆောင်ရွက်သွား ရမှာ ကိုလည်း သိနားလည်ထားပါတယ်။

ကျွန်တော်အနေနဲ့ လုပ်နိုင်တဲ့ အတိုင်းအတာအတိုင်း မွန်ပြည်နယ်ကြီး အေးချမ်း လုံခြုံပြီး ဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန် လုပ်ဆောင်သွားပါ့မယ်။ ကျွန်တော်တို့ သွားနေတဲ့ မူဝါဒတွေ ၊ လုပ်ငန်းစဉ်တွေအတိုင်း ပြည်သူတွေက လည်း ထပ်ကြပ်မကွာ လိုက်ပေးပါလို့လည်း မှာချင်ပါတယ်။ ဒါက အရမ်းလည်း အရေးကြီးပါတယ်။ ပြည်သူတွေ အကျိုးရှိရာ ရှိကြောင်း၊ အတတ် နိုင်ဆုံး လုပ်ဆောင်ပေးသွားရာမှာ ကျွန်တော်အနေနဲ့ အခက်အခဲ နည်းနည်းနဲ့ မြန်မြန်ဆန်ဆန် သွားစေချင်လို့ပါ။ မွန်ပြည်နယ်အတွင်းရှိ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ စတဲ့ကဏ္ဍပေါင်းစုံတို့တွင် တိုးတက်အောင် တတ်နိုင် သလောက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့

အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးအတွက်လည်း တတ်နိုင်သလောက် ဆောင်ရွက်ပေး သွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် တင်ပြချင်တာကတော့ ပြည်သူလူထုရဲ့ မျှော်လင့်ချက်များ၊ ဆန္ဒများ ပြည့်ဝစေရန် ကျွန်တော်တို့ အစိုးရအဖွဲ့အနေဖြင့် မမိုတ်မသုန် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း အလေးအနက် ပြောကြားလိုခြင်း ဖြစ်ပါတယ်။ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ၊ လွှတ်တော်ကိုယ်စားလှယ်များ ၊ တက်ရောက်လာကြသော ဂုဏ်သရေရှိ ဧည့်သည်တော်များနဲ့ ပြည်နယ်သူ ၊ ပြည်နယ်သားများအားလုံး ချမ်းမြေ့သာယာစွာနဲ့ မိမိတို့ ဘဝလမ်းကြောင်းကို ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ကျွန်တော် စကားကို နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။